**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်ထောင်စုရာထူးဝန်အဖွဲ့**

**ကြေညာချက်အမှတ်၊ ၁၂ / ၂၀၂၁**

**၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁ ရက်**

**( ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက် )**

အကြောင်းအရာ။ **ကြော်ငြာစာအမှတ်၊(၆/၂၀၂၁)ဖြင့် ခေါ်ယူထားသော ကျန်းမာရေးဝန်ကြီးဌာနမှ လစ်လပ်ရာထူး(၁၂၀၉)နေရာအတွက် Online မှတစ်ဆင့် လျှောက်လွှာခေါ်ယူခြင်းအား အသိပေးကြေညာခြင်း**

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့က ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ကုသရေးဦးစီးဌာနနှင့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနတို့တွင် လစ်လပ်လျက်ရှိသော ပြန်တမ်းဝင်အရာရှိအဆင့် စတင်ခန့်ရာထူး ဆရာဝန်(သစ်လွင်)/ ဆရာဝန်(သွားနှင့်ခံတွင်း)/ ဆရာဝန်(သရုပ်ပြ) (၁၂၀၉)နေရာအတွက် ကြော်ငြာစာအမှတ်၊(၆/၂၀၂၁)ဖြင့် ၁၃-၉-၂၀၂၁ နှင့် ၁၄-၉-၂၀၂၁ ရက်နေ့တို့တွင် မြန်မာ့အလင်း ၊ကြေးမုံနှင့်မြဝတီသတင်းစာတို့၌ ကြော်ငြာခေါ်ယူထားရှိပါသည်။

၂။ ကြော်ငြာပါရာထူးအတွက် လျှောက်ထားရာတွင် ယခင်လျှောက်ထားသည့်ပုံစံ(Manual)ဖြင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇)၊ နေပြည်တော်သို့ ပေးပို့လျှောက်ထားနိုင်သည့်အပြင် **Online** ဖြင့်လည်းလျှောက်ထားနိုင်ပါသည်။**Online** ဖြင့်လျှောက်ထားရာတွင် **e-Recruitment and Selection System [ UCSB e-RSS Mobile Application ]** ကို အသုံးပြု၍ **Android Devices, i phone and Web Browser မှတစ်ဆင့်**အချိန်မီဝင်ရောက်လျှောက်ထားရမည်ဖြစ်ပြီး လျှောက်လွှာပိတ်ရက် **၁၃-၁၀-၂၀၂၁ ရက်နေ့ထက်** ကျော်လွန်လျှောက်ထားလာသည့် လျှောက်လွှာများကို **System မှ အလိုအလျောက် ပယ်ဖျက်သွားမည်ဖြစ်ပါသည်။**

၃။ **Online** မှလျှောက်ထားသူများအနေဖြင့် **e-Recruitment and Selection System [UCSB e-RSS Mobile Application]**ကို **Google Play Store, Apple Store** တို့မှတစ်ဆင့် **Download** ရယူ၍ အသုံးပြုရမည်ဖြစ်ပြီး စနစ်အတွင်းသို့ ဝင်ရောက်ရမည့်လုပ်ငန်းစဉ်အဆင့်ဆင့်ဖြစ်သည့်**User Guide** နှင့် အသုံးပြုခြင်းဆိုင်ရာအချက်အလက်တို့ကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ **Website** ဖြစ်သည့် **www.ucsb.gov.mm** နှင့် **Myanmar National Web Portal** ဖြစ်သော **www. myanmar.gov.mm** တို့တွင်ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပြီး အခြားစုံစမ်းမေးမြန်းလိုချက်ရှိပါက ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇)၊ နေပြည်တော်(ဖုန်း၊၀၆၇-၃၄၀၉၀၅၂၊ ၀၆၇-၃၄၀၉၄၃၀၊ ၀၉-၅၂၄၄၀၈၉၅၄၊ ၀၉-၅၂၀၇၀၆၆၀၅၊ ၀၉-၅၂၀၇၀၆၆၀၆၊ ၀၉-၇၉၇၇၂၇၆၉၆၊ ၀၉-၄၄၁၉၃၇၃၄၃၊ ၀၉-၂၆၂၅၀၂၉၈၈ ) သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။